# ကျန်းမာရေးမူဝါဒ၊ စီမံကိန်းများနှင့်ဥပဒေ





*နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ*

*ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) တွင် လှည့်လည်စစ်ဆေး၍ လမ်းညွှန်မှုများပေးနေစဉ်*

# အမျိုးသားကျန်းမာရေးကော်မတီ

ကျန်းမာရေး မူဝါဒများကို ပိုမိုပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီကို ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသားကျန်းမာရေး ကော်မတီတွင် နီးနွယ်ဝန်ကြီးဌာနများ ပါဝင်ပြီး ကျန်းမာရေးမူဝါဒများချမှတ်သည့် အဆင့်မြင့် အဖွဲ့အစည်း တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားကျန်းမာရေးကော်မတီသည် ကျန်းမာရေး စီမံကိန်းများအား စနစ်တကျနှင့် စွမ်းဆောင်ရည် ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင် လမ်းညွှန်မှု ပေးလျက်ရှိပါသည်။ ထို့အပြင် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုအတွက် မူဝါဒများ ချမှတ်ပေးသည့် အဆင့်မြင့်အဖွဲ့အစည်းဖြစ်ကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင်လည်း ဦးဆောင် လမ်းညွှန်မှုများပေးလျက်ရှိပါသည်။

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ဒေသဆိုင်ရာကျန်းမာရေး ကော်မတီအဆင့်ဆင့်ကို ပြည်နယ်နှင့်တိုင်းအဆင့်မှ ရပ်ကွက်/ကျေးရွာအုပ်စုအထိ ဖွဲ့စည်းထားရှိပါသည်။

အမျိုးသား ကျန်းမာရေး စီမံကိန်းများအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် ဗဟိုအဆင့်တွင် အမျိုးသားကျန်းမာရေး စီမံကိန်းကြီးကြပ်ရေးနှင့် ဆန်းစစ်ရေး ကော်မတီအား ဖွဲ့စည်း ထားရှိပါသည်။

ပြည်နယ်/တိုင်းနှင့် မြို့နယ်အဆင့်တွင်လည်း စီမံကိန်းအကောင်အထည်ဖော်မှု ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသအဆင့်တိုင်းတွင် အမျိုးသားကျန်းမာရေး စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့်နီးနွယ်သောဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။



**အမျိုးသားကျန်းမာရေးကော်မတီ (၄၄) ကြိမ်မြောက်အစည်းအဝေး**

# အမျိုးသားကျန်းမာရေးကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | အတွင်းရေးမှူး (၁)<br>နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဝန်ကြီး<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စည်ပင်သာယာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဝန်ကြီး<br>လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | မြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးစီမံကိန်းဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

## အမျိုးသားကျန်းမာရေးမူဝါဒ

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အမျိုးသား ကျန်းမာရေး မူဝါဒများကို ၁၉၉၃ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။ အားလုံးအတွက် ကျန်းမာရေးရည်မှန်းချက်ကို ရရှိစေရန် ပဏာမကျန်းမာရေး စောင့်ရှောက်မှု နည်းလမ်းများကို အခြေခံလျက် အမျိုးသား ကျန်းမာရေး မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁။ နိုင်ငံသားအားလုံး ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေမည့် "အားလုံးအတွက်ကျန်းမာရေး" ရည်မှန်းချက်ကို ရရှိစေရန်၊ အမျိုးသား ကျန်းမာရေးစီမံကိန်းများရေးဆွဲပြီး ကျန်းမာရေး လုပ်ငန်းများကို ပဏာမကျန်းမာရေး စောင့်ရှောက်မှုကို အခြေခံ၍ အကောင်အထည် ဖော်ရန်၊

၂။ မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံး လူဦးရေပမာဏ ရရှိစေရေးအတွက် အမျိုးသား လူဦးရေ မူဝါဒအတိုင်း လိုက်နာဆောင်ရွက်ရန်၊

၃။ ပြည်တွင်း၌ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း၊ လူအင်အားကို ရေရှည် ကျန်းမာရေး ဖွံ့ဖြိုးမှု စီမံကိန်း လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာမွေးထုတ်ရန်၊

၄။ ဆေးဝါးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော တည်ဆဲဥပဒေများအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်ရန်၊

၅။ သမဝါယမ၊ ဖက်စပ်၊ ပုဂ္ဂလိကများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆောင်ရွက်လျက် ရှိသော ကျန်းမာရေးကဏ္ဍများကို ပြောင်းလဲနေသော စီးပွားရေးမူဝါဒနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် တွန်းအားပေးရန်၊

၆။ ကျန်းမာရေးအသုံးစရိတ် ရန်ပုံငွေရှာဖွေရေးနည်းလမ်းသစ်များကို ဖော်ထုတ်ဆောင်ရွက် ကြရန်၊

၇။ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဆက်နွယ်သည့် ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရန်၊

၈။ ကျန်းမာရေးနှင့် ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများကို အခါအားလျော်စွာ ပြင်ဆင်ရန်း ဆောင်ရွက်ရန်၊

၉။ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ လေထုနှင့်ရေထု ညစ်ညမ်းမှု ကာကွယ် ထိန်းသိမ်းရေးကိုပါ တိုးချဲ့ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံသားများ၏ကြံ့ခိုင်မှု တိုးတက် မြင့်မားလာစေရန် အားကစားနှင့် ကာယပညာ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်စေခြင်း၊ ပြည်သူလူထုမှ တက်ကြွစွာ ပါဝင်လာစေရန် တွန်းအားပေးခြင်း၊ ထူးချွန်သော အားကစားသမားများကို ချီးမြှင့်အားပေးခြင်းနှင့် ရိုးရာ အားကစားနည်းပညာများကို ပြန်လည် ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

၁၁။ ဆေးပညာရပ်ဆိုင်ရာ သုတေသန လုပ်ငန်းများကို အားပေး ဆောင်ရွက်ရာတွင် လတ်တလော တွေ့ကြုံနေရသော ကျန်းမာရေးပြဿနာများကို သုတေသနပြုလုပ်သည့် အပြင် ကျန်းမာရေး လုပ်ငန်း စနစ်သုတေသနကိုလည်း အရေးပေးဆောင်ရွက်ရန်၊

၁၂။ ကျန်းမာရေးလုပ်ငန်းတိုးချဲ့ရာတွင် တိုင်းပြည်၏လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရေး အတွက် ကျေးလက်ဒေသများသာမက မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများကိုလည်း အထူးဦးစားပေး ဆောင်ရွက်ရန်၊

၁၃။ နိုင်ငံတွင်း၌ ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ကာကွယ် ကုသရေး လုပ်ငန်းများကို ကြိုတင်စဉ်းစား စီမံထားရန်၊

၁၄။ မြန်မာ တိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသန လုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီသည်အထိ ဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ပြည်သူ့ ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

၁၅။ အမျိုးသားကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း တို့ကို တိုးချဲ့ဆောင်ရွက်ရန်၊

# ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ

တစ်မျိုးသားလုံး ကျန်းမာရေးအဆင့်တိုးတက်မြင့်မားရေး ရည်မှန်းချက်နှင့်အတူ အားလုံးအတွက် ကျန်းမာရေး ရည်မှန်းချက်ပြည့်ဝ အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ၁၉၇၈ခုနှစ်မှ စတင်၍ ပြည်သူ့ကျန်းမာရေး စီမံကိန်းများကို လေးနှစ်တစ်ကြိမ် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ကာလတို အမျိုးသားကျန်းမာရေးစီမံကိန်းများကို ၁၉၉၁ ခုနှစ်မှ စ၍ ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။



## မြန်မာ့ကျန်းမာရေးဆိုင်ရာမျှော်မှန်းချက် နှစ်(၃၀)နှစ်ရှည် စီမံကိန်း (၂၀၀၁ - ၂၀၃၀)

နိုင်ငံတကာနှင့် နိုင်ငံတော်အတွင်း လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော လူဦးရေ၊ ရောဂါဖြစ်ပေါ်ကူးစက်မှုနှင့် စီးပွားရေးဆိုင်ရာ အလားအလာ အခြေအနေများကြောင့် ပြည်သူလူထု၏ အနာဂတ် ကျန်းမာရေးစိန်ခေါ်မှုများအတွက် လိုအပ်သည့် ပြင်ဆင်မှုများ၊ တုန့်ပြန်ဖြေရှင်းမှုများ ဆောင်ရွက်နိုင်ရန် ဤနှစ်(၃၀)နှစ်ရှည် ကျန်းမာရေးစီမံကိန်းကြီးကို ရေးဆွဲခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ရေးဆွဲထားသော မြန်မာ့ကျန်းမာရေး မျှော်မှန်းချက် နှစ်ရှည်စီမံကိန်း၏ ရည်ရွယ်ချက်များသည် ကာလတို အမျိုးသား ကျန်းမာရေး စီမံကိန်းများ ပိုမိုပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်သွားမည်ဖြစ်ပါသည်။

### စီမံကိန်း၏ရည်မှန်းချက်များ

- ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရမည်၊
- ကူးစက်ရောဂါများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားပြီး လုံးဝပပျောက်ရေးအထိ ဦးတည်ဆောင်ရွက်သွားရန်နှင့် အခြားကျန်းမာရေး ပြဿနာများသည်လည်း လျော့နည်းကျဆင်းလာစေရမည်၊
- ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ပေါ်ပေါက်လာနိုင်သောရောဂါများနှင့် ကျန်းမာရေးပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရမည်၊
- ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုတစ်ရပ်လုံးအတွက် လွှမ်းခြုံနိုင်ရမည်၊
- ကျန်းမာရေးဆိုင်ရာပညာရှင် အမျိုးအစားအားလုံးကို ပြည်တွင်း၌ လေ့ကျင့်မွေးထုတ်နိုင်ရမည်၊
- မြန်မာ့တိုင်းရင်းဆေးပညာကို ခေတ်မီအဆင့်အတန်းသို့ရောက်ရှိပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရမည်၊
- ကျန်းမာရေးသုတေသနနှင့်ဆေးသုတေသနလုပ်ငန်းဖွံ့ဖြိုးမှုကို နိုင်ငံတကာအဆင့်သို့ရောက်ရှိရမည်၊
- အရည်အသွေးပြည့်ဝသော အဓိကဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို ပြည်တွင်း၌ လုံလောက်စွာ ရရှိနိုင်ရမည်၊
- ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်နှင့် နည်းပညာဆိုင်ရာ အခြေအနေများနှင့် လိုက်လျောညီထွေရှိသည့် ကျန်းမာရေးစနစ် ဖြစ်ထွန်းလာရမည်။

### နှစ်(၃၀)နှစ်ရှည်စီမံကိန်း (၂၀၀၁-၂၀၃၀) တွင် ပါဝင်သော အဓိကကဏ္ဍကြီးများ

- ကျန်းမာရေးမူဝါဒနှင့် ဥပဒေများဆိုင်ရာကဏ္ဍ
- ကျန်းမာရေးပညာပေးရေးဆိုင်ရာကဏ္ဍ
- ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာကဏ္ဍ
- ကျန်းမာရေးနှင့် ဆေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ
- တိုင်းရင်းဆေးပညာ မြှင့်တင်ရေးနှင့် ကျယ်ပြန့်စွာအသုံးချရေးကဏ္ဍ

- သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ
- ကျန်းမာရေးစောင့်ရှောက်ပေးမှုတွင် သမဝါယမ၊ ဖက်စပ်၊ ပုဂ္ဂလိကများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကဏ္ဍ
- ကျန်းမာရေးစနစ်ဖွံ့ဖြိုးမှုအတွက်ဌာန/အဖွဲ့အစည်းပေါင်းစုံမှ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ
- အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ

## ရရှိမည့်အကျိုးကျေးဇူးများ

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်ကို ဖော်ပြသည့် အောက်ပါအညွှန်းကိန်းများ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

| အညွှန်းကိန်း | လက်ရှိ ၂၀၀၁-၂၀၀၂ | ၂၀၁၁ | ၂၀၂၁ | ၂၀၃၁ |
|---|---|---|---|---|
| ပြည်သူလူထု၏မျှော်မှန်းသက်တမ်း | ၆၀ - ၆၄ | - | - | ၇၅ - ၈၀ |
| တစ်နှစ်အောက်ကလေးသေနှုန်း (အရှင်မွေး ၁၀၀၀ လျှင်) | ၅၉.၇ | ၄၀ | ၃၀ | ၂၂ |
| ငါးနှစ်အောက်ကလေးသေနှုန်း (အရှင်မွေး ၁၀၀၀ လျှင်) | ၇၇.၇၇ | ၅၂ | ၃၉ | ၂၉ |
| မိခင်သေနှုန်း (အရှင်မွေး ၁၀၀၀ လျှင်) | ၂.၅၅ | ၁.၇ | ၁.၃ | ၀.၉ |

## အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၆-၂၀၁၁)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အမျိုးသားကျန်းမာရေး စီမံကိန်းကို အမျိုးသားစီးပွားရေးစီမံကိန်းနှင့် လိုက်လျောညီထွေစွာ ရေးဆွဲ အကောင်အထည်ဖော် လျက်ရှိပါသည်။ ဤစီမံကိန်းဖြင့် အမျိုးသားကျန်းမာရေး မူဝါဒများကို အထိရောက်ဆုံး အကောင်အထည် ဖော် ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။ အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၀၆-၂၀၁၁)သည် "မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် နှစ်(၃၀)နှစ်ရှည် စီမံကိန်း (၂၀၀၁-၂၀၃၀)" ၏ ဒုတိယနှစ်တို (၅)နှစ် စီမံကိန်းလည်းဖြစ်ပါသည်။

## စီမံကိန်း၏ရည်မှန်းချက်များ

- နိုင်ငံတော်၏လူမှုရေးဦးတည်ချက် တစ်ခုဖြစ်သော "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး" ဟူသော ဦးတည်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်ရေးကို အထောက်အကူ ပြုရန်၊
- အမျိုးသားကျန်းမာရေးမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများနှင့်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများနှင့်လည်းကောင်း လိုက်လျောညီထွေရှိမည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်ရေးကို ဦးတည် ဆောင်ရွက်ရန်၊
- အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လွှမ်းခြုံမှု ပိုမိုတိုးတက် ကောင်းမွန် အောင် ဆောင်ရွက်ရန်၊
- ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန်။

## အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၆-၂၀၁၁) တွင်ပါဝင်သော စီမံချက်ကြီးများ

- လူထုကျန်းမာရေးစောင့်ရှောက်မှုစီမံချက်
- ရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်
- ဆေးရုံလုပ်ငန်းစီမံချက်
- ပတ်ဝန်းကျင်ကျန်းမာရေးစီမံချက်
- ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေးစီမံချက်
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံချက်
- ကျန်းမာရေးသုတေသနဖွံ့ဖြိုးရေးစီမံချက်
- တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေးစီမံချက်

- အစားအသောက်နှင့်ဆေးဝါးထိန်းချုပ်ရေးစီမံချက်
- ဓါတ်ခွဲလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်
- ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းစီမံချက်
- ကျန်းမာရေးသတင်းစနစ်ဖွံ့ဖြိုးရေးစီမံချက်

## ရရှိမည့်အကျိုးကျေးဇူးများ

- ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုတိုးတက်လာခြင်း၊
- ရောဂါဖြစ်ပွားမှုများကျဆင်းလာခြင်း၊
- ပြည်သူလူထု၏ကျန်းမာရေးအဆင့်အတန်းတိုးတက်ကောင်းမွန်လာခြင်း၊
- ဆေးပညာသင်ကြားမှုနှင့် ပညာရှင်များ၏အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊
- ကျန်းမာရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊
- တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်း၊
- သတင်းအချက်အလက်များ၊ ပညာပေးခြင်းနှင့် ဆက်သွယ်ခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊

# ကျန်းမာရေးဆိုင်ရာဥပဒေများ

ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကျိုးခံစားခွင့်များကို ကာကွယ်ပေးနိုင်ရန်အတွက် အောက်ပါ ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းထားပါသည်။

| | |
|---|---|
| (၁) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ဥပဒေ (၁၉၇၂) | အစားအစာတို့၏ အရည်အသွေးနှင့်သန့်ရှင်းမှု၊ ဆေးဝါး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်ရောဂါများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များနှင့် ပြည်သူတို့၏ ကျန်းမာရေးကိစ္စအဝဝကို အကာအကွယ်ပေးရန်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ |
| (၂) သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေ (၁၉၈၉) | သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကုသမှုများနှင့် ပတ်သက်၍ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း အပါအဝင် ဥပဒေဆိုင်ရာ အခြေခံအချက်အလက်များကို ဖော်ပြထားပါသည်။ ထို့အပြင် ဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့်ကောင်စီ၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖော်ပြထားပါသည်။ |
| (၃) သူနာပြုနှင့်သားဖွားဆိုင်ရာဥပဒေ (၁၉၉၀) | သူနာပြုနှင့် သားဖွားမှတ်ပုံတင်ခြင်း၊ ဆေးကုသမှုလိုင်စင် ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် အခြေခံ အချက်အလက်များကို ဖော်ပြထားပါသည်။ သားဖွားနှင့် သူနာပြုကောင်စီ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကိုလည်းဖော်ပြထားပါသည်။ |
| (၄) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀) | အသင်း၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ခြင်း၊ အသင်းအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ဗဟိုကောင်စီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုဖော်ပြထားပါသည်။ |
| (၅) အမျိုးသားဆေးဝါးဥပဒေ (၁၉၉၂) | အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိသော ဆေးဝါးများကို အများပြည်သူသုံးစွဲနိုင်ရန် ဥပဒေပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ မှတ်ပုံတင်ထားသော ဆေးဝါးများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းတို့အတွက် လိုင်စင်လိုအပ်ချက်များ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များကို ဖော်ပြထားပါသည်။ |

| | |
|---|---|
| | ဆေးဝါးအလွဲသုံးစားမှု ကာကွယ်ရေးနှင့် ဖောက်ဖျက်ကျူးလွန်ပါက ချမှတ်မည့် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ဖော်ပြထားပါသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို ကာကွယ်ရေးနှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ဥပဒေ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ |
| (၆) မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ (၁၉၉၃) | ထို့အပြင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ ကွန်ဗင်းရှင်းဝင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ဤဥပဒေနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းအဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားပါသည်။ ထို့အပြင် ဆေးဝါးသုံးစွဲသူကို မှတ်ပုံတင်ခြင်း၊ ဆေးကုသပေးခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်းဆိုင်ရာ သတ်မှတ်ချက်များလည်း ဥပဒေတွင် ပါဝင်ပါသည်။ |
| (၇) ကူးစက်ရောဂါများကာကွယ် နှိမ်နင်းရေး ဥပဒေ (၁၉၉၅) | ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းတာဝန်နှင့် နိုင်ငံသားများ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။ ထို့အပြင် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါဖြစ်ပွားကြောင်း သတင်းပို့ခြင်း၊ အဓိက ကူးစက်မြန်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ဆောင်ရွက်ခြင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက ချမှတ်သည့် ပြစ်ဒဏ်များကိုလည်း ဖော်ပြထားပါသည်။ ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနအား လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်မည့်အခွင့်အာဏာ ပေးအပ်ထားပါသည်။ |
| (၈) မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေ (၁၉၉၆) | မျက်ကြည်လွှာ အစားထိုးကုသမှုပေးခြင်းဖြင့် မျက်စိအမြင်အာရုံ ပြန်လည်ရရှိစေနိုင်မည့် မျက်စိရောဂါ ဝေဒနာရှင်များ ကုသမှုပေးခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဤဥပဒေတွင် အမျိုးသား မျက်စိဘဏ် ထူထောင်ခြင်းနှင့် ယင်းဘဏ်၏ လုပ်ငန်းတာဝန်များ၊ မျက်ကြည်လွှာ လှူဒါန်းခြင်းနှင့် အစားထိုးခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ဖော်ပြထားပါသည်။ |

| | |
|---|---|
| (၉) တိုင်းရင်းဆေးဝါးဥပဒေ (၁၉၉၆) | တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ တိုင်းရင်းဆေးဝါး အမှတ်တံဆိပ်ပြုလုပ်ခြင်း၊ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ ကြော်ငြာတို့နှင့် စပ်လျဉ်းသည့် ဥပဒေဖြစ်ပါသည်။ ထို့အပြင် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူသုံးစွဲရန်ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းလည်း ဖြစ်ပါသည်။ ဤဥပဒေတွင် တိုင်းရင်းဆေးဝါးများ မှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဝါးများ စိစစ်၊ စမ်းသပ်၊ စစ်ဆေးခြင်း၊ အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဖော်ပြထားပါသည်။ |
| (၁၀) အမျိုးသားအစားအသောက်ဥပဒေ (၁၉၉၇) | အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်ကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်များကို အများပြည်သူတို့ စားသုံးမိခြင်းမှ ကာကွယ်နိုင်ရန်၊ ထိန်းချုပ်အစားအသောက် ထုတ်လုပ်ခြင်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊ အစားအသောက်များ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျကွပ်ကဲရန် ဤဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဤဥပဒေတွင် အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်း တာဝန်များကို ဖော်ပြထားပါသည်။ |
| (၁၁) မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (၂၀၀၀) | အရည်အသွေးမီ၍ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန် ဆရာဝန်များ၏ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊ ဆေးပညာကို ခေတ်နှင့်အညီ အဆင့်အတန်း မြင့်မားစွာ လေ့လာသင်ကြား နိုင်ရန်၊ ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊ ဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာ စောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန် ရည်ရွယ်၍ ဥပဒေပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။ ဤဥပဒေတွင် မြန်မာနိုင်ငံ ဆေးကောင်စီဖွဲ့စည်းပုံ၊ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ၊ ဆရာဝန်မှတ်ပုံတင်ခြင်း၊ ဆေးကုသမှုလိုင်စင်၊ မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရ ဆရာဝန်၏ တာဝန်နှင့်ရပိုင်ခွင့်များ စသည်တို့ကို ဖော်ပြထားပါသည်။ |

| | |
|---|---|
| (၁၂) တိုင်းရင်းဆေးကောင်စီဥပဒေ (၂၀၀၀) | တိုင်းရင်းဆေးဆရာများ စုစည်း၍ တိုင်းရင်းဆေးပညာ တစ်ရပ်ရပ်ကို အသုံးချပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းဆေးဆရာများအား ယင်းတို့၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစေရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊ တိုင်းရင်းဆေးပညာခေတ်မီ တိုးတက်ရေး၊ သိပ္ပံနည်းကျရေးအတွက် ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ဤဥပဒေတွင် တိုင်းရင်းဆေး ကောင်စီဖွဲ့စည်းပုံ၊ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဆရာ၏ တာဝန်နှင့်ရပိုင်ခွင့်များ စသည်တို့ကိုဖော်ပြထားပါသည်။ |
| (၁၃) သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေ (၂၀၀၃) | ပြည်သူများအနေဖြင့် စိတ်ချရသော သွေးကောင်းသွေးသန့်နှင့် သွေးပစ္စည်းများလုံလောက်စွာ ရရှိရေးကို ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ဤဥပဒေတွင် သွေးနှင့်သွေးပစ္စည်းများ စုဆောင်းခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ အချက်အလက်များနှင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်မည့် ပုဂ္ဂိုလ်များ တာဝန်ပေးအပ်ခြင်း စသည်တို့ပါဝင်ပါသည်။ |
| (၁၄) ကိုယ်ခန္ဓာအစိတ်အပိုင်းအစားထိုး လှူဒါန်းခြင်းဆိုင်ရာဥပဒေ | ကိုယ်ခန္ဓာအစိတ်အပိုင်း အစားထိုးကုသမှုခံယူရန် လိုအပ်မည့် လူနာများအား ကိုယ်ခန္ဓာအစိတ်အပိုင်း အစားထိုး၍ အသက်ကယ်တင်နိုင်ရန်အတွက် ကိုယ်ခန္ဓာအစိတ်အပိုင်း အစားထိုးကုသခြင်းကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းလုပ်ငန်း ချို့ယွင်းမှုကြောင့် မသန်စွမ်း နေသူများကို ကိုယ်ခန္ဓာ အစိတ်အပိုင်း လှူဒါန်းသူများမှတဆင့် ပြန်လည်ထူထောင်နိုင်ရန် ကိုယ်ခန္ဓာအစိတ်အပိုင်းအစားထိုး ကုသခြင်းဆိုင်ရာ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကိုယ်ခန္ဓာ အစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာစေရန် ခန္ဓာကိုယ် အစိတ်အပိုင်း အစားထိုး ကုသရာတွင် အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးမှုရယူနိုင်ရန်အတွက် ဤဥပဒေကို ပြဋ္ဌာန်းပါသည်။ |